# အင်္ဂလိပ်တို့ တိုင်းပြည်မှာ(၉)




## ၂၅.၁၀.၂၀၁၆ စောင့်ကြည့်သတင်းဂျာနယ်



အင်္ဂလန်ရဲ့ အောက်တိုဘာလနေ့ရက်တွေဟာ နေခြည်နွေးနွေးအောက်မှာ ရွှေရောင်တောက်ပနေပါတယ်။ ဆောင်းဦးရွက်ကြွေရာသီမို့ တစ်နွေလုံး သစ်ရွက်ဖားဖားကြီးတွေနဲ့ စိမ်းစိုနေခဲ့တဲ့ သစ်ပင်တွေဟာ ငုဝါရောင်၊ လိမ္မော်ရောင်၊ ပိတောက်ရောင်၊ ပန်းသီးရောင်၊ သနပ်ခါးရောင်စတဲ့အရောင်ဗားရှင်းတစ်မျိုးမျိုးနဲ့ ဖျော့တော့လျော့လျနေရောင်အောက်သိပ်ကိုလှနေကြပါပြီ။ ဒေစီပန်းဖြူဖြူလေးတွေနဲ့ ဒန်ဒေလီယံပန်းဝါဝါလေးတွေ ဖုံးလွှမ်းခဲ့တဲ့မြက်ခင်းပြင်တွေ၊ သစ်ပင်ကိုင်းညမင်တွေကြားက ခြောက်သွေ့သွေ့ လူသွားလမ်းကလေးတွေဟာ အခုတော့ အဝါရောင်၊ အနီရောင် ဒါမှမဟုတ် အညိုရောင်တစ်မျိုးမျိုးဖြစ်နေတဲ့ လိမ်တွန့်ခေါက်ခွေ သစ်ရွက်ကြွေထူထူတွေအောက်မှာ မလူးသာမလွန့်သာ။ တိုက်နံရံတွေ၊ စည်းရိုးတွေပေါ်က တလှုပ်လှုပ် တဖျတ်ဖျတ် အိုင်ဗီတိုက်ကပ်နွယ်ရွက်လေးတွေကတော့ နီညိုရောင် စိုလဲ့လဲ့ထလျက် ဆောင်းဦးကို ကြိုနေပါပြီ။

ဒီနေ့မနက် ရုံးကိုရောက်ပြီး သိပ်မကြာပါဘူး နီညိုရောင် ချပ်ချပ်ရပ်ရပ်ဝတ်စုံအသစ်နဲ့ သိပ်လှနေတဲ့ ကျွန်မတို့ဌာနရဲ့ ညွှန်ကြားရေးမှူးဟာ အခန်းထဲကို ရောက်လာပြီး ကဲ ဒို့အဖွဲ့တွေ လိမ္မာကြမယ်နော် ပင်မရုံးခန်းမကြီးထဲမှာ ဖလူဂျက် ( flu Jab) အဖွဲ့တွေရောက်နေပြီ။ ဖလူဖိုက်တာ (flu fighter) လေးတွေ လုပ်ရအောင် ဆိုပြီး လာဆော်ဩသွားပါတယ်။ ရာသီအကူးအပြောင်း အခုလိုအချိန်မျိုးမှာ အအေးမိနဲ့ တုပ်ကွေးပိုင်းရပ်စ်တွေ ခါတော်မှီ ပျော်မြူးကြစမြဲမို့ ကလေးသူငယ်တွေ၊ ကိုယ်ဝန်ဆောင်တွေနဲ့ သက်ကြီးရွယ်အိုတွေကို တုပ်ကွေးကာကွယ်ဆေးတွေ ထိုးပေးသလို ကျန်းမာရေးဝန်ထမ်းတွေကိုလည်း မိမိကတဆင့် လူနာတွေဆီ ကူးစက်မှုမဖြစ်ပွားအောင်ဆိုပြီး အခမဲ့ ထိုးနှံပေးပါတယ်။ ကျွန်မတို့လို ရုံးချုပ်ကဝန်ထမ်းတွေကတော့ ကျန်းမာရေးဝန်ဆောင်မှုကိုလက်ခံရယူနေသူ ပြည်သူတွေနဲ့ တိုက်ရိုက်ထိတွေ့ မဆက်ဆံရပေမယ့် အမျိုးသားကျန်းမာရေးဌာနကြီးရဲ့ ဝန်ထမ်းများဆိုတဲ့ ခေါင်းစဉ်အောက်ရောက်နေတာမို့ အချောင်အခွင့်ထူးခံတွေအဖြစ် တုပ်ကွေးကာကွယ်ဆေးကို ရုံးအထိ လာထိုးပေးတာခံရတာပါ။ လက်မောင်းမှာ ကာကွယ်ဆေးအထိုးခံ၊ ပြီးရင် ကိုယ့်ဝန်

ထမ်းကတ်မှာ Flu Fighter ဆိုတဲ့ စတစ်ကာလေးကို ဌာနက ဂုဏ်ပြုကပ်ပေးလိုက်တာ ခံလာရပြီးတဲ့နောက် ( အခမဲ့ထိုး ပေးတာတောင် အသားနာမှာစိုးလို့ဆိုပြီး ပေကပ်ပြီး မထိုးတဲ့သူတွေက ရှိသေးတယ်လေ) ညနေရုံးအဆင်းမှာ ရောင်စုံ သစ်ပင်တွေကြား လမ်းဖြတ်အလျှောက် အေးရှရှ လေကို ခပ်မျှင်းမျှင်းရှူသွင်းရင်း ချမ်းစိမ့်စိမ့်အရသာလေးကို ခံစားရတော့ လွန်ခဲ့တဲ့ ၈နှစ်က အင်္ဂလန်ကို ရောက်ခါစ ဒီလို အချိန်ကို သွားသတိရမိပါတယ်။

လွန်ခဲ့တဲ့ ၈ နှစ် ဒီအချိန် ဒီရာသီမှာ အင်္ဂလန်တောင်ပိုင်းက ပို.စမောက်မြို.ကလေးဟာ ကျွန်မကို သူ့ရဲ့ သိပ်လှတဲ့ ရောင်စုံ ဆောင်းဦးအလှနဲ့ ကြိုဆိုခဲ့ပါတယ်။ အောက်တိုဘာ နေ့ရက်တစ်ရက်မှာ အပူချိန်ဟာ ၁၀ ဒီဂရီစင်တီဂရိတ် ရှိနေရာကနေ သုံးညဒီဂရီအောက် ရုတ်တရက် ထိုးကျသွားခဲ့ပါတယ်။ ၁မိုင်ခွဲ အကွာအဝေးရှိတဲ့ အိမ်နဲ့ ကျောင်းခရီးကို မနက်ဆိုရင် တက္ကသိုလ်ဘတ်စ်ကား စီးသွားတတ်တဲ့ ကျွန်မဟာ ကျန်းမာရေးအတွက် တခြားလေ့ကျင့်ခန်းလုပ်ဖို. အချိန်မရှိတာမို. ညနေကျောင်းဆင်းချိန်မှာ အိမ်ကို လမ်းလျှောက်ပြန်လေ့ရှိပါတယ်။ အဲဒီနေ့က ခါတိုင်းနေ့တွေလိုပဲ ညနေကျောင်းဆင်း ချိန်မှာ တက္ကသိုလ်အဆောင်တွေ၊ လူနေအိမ်တွေနံဘေးကနေ ဝင်စတန်ချာချီလမ်းမကြီးနဲ့အပြိုင် ဖောက်ထားတဲ့ ဖိုင်း ယားသွန်းခြံစည်းရိုးခြံပုတ်ပင်ထူထူတွေကြားက လူသွားလမ်းကလေးတစ်လျှောက် လမ်းလျှောက်ပြန်လာခဲ့ရာ သုံးည အောက်ရောက်နေတဲ့ အပူချိန်မှာ နာရီဝက်လောက် လျှောက်လိုက်ရတာမို. ဒီကရာသီဥတုနဲ့ သဟဇာတမဖြစ်သေးတဲ့ ခန္ဓာကိုယ်ဟာ အအေးပတ်ပြီး နောက်တစ်နေ့ ဖျားပါတော့တယ်။

ကျောင်းစအပ်ကတည်းက တက္ကသိုလ်ဆေးခန်းမှာ စာရင်းသွင်းအပ်နံ့ထားခဲ့ရတာမို. နေမကောင်းဖြစ်တော့ ကျွန်မဟာ တက္ကသိုလ် ဘတ်စ်ကားကို တက်စီးပြီး တက္ကသိုလ်ဆေးခန်းကို သွားပြခဲ့ပါတယ်။ နေမကောင်းလို. ဆရာဝန်နဲ့ပြဖို.လာ တာပါလို. ကောင်တာမှာ ပြောပြတော့ ကောင်တာဝန်ထမ်းအမျိုးသမီးက ဘာဖြစ်တာလည်းလို.မေးပါတယ်။ ဖျားနေလို.ပါ ဆိုတော့ ကောင်းပါပြီ။ ထိုင်ခုံမှာခဏထိုင်စောင့်ပါနော်။ ဆရာဝန်နဲ့တော့ တွေ့လို.မရပါဘူး။ သူနာပြုဆရာမကြီးက ကြည့် ပေးပါလိမ့်မယ်။ အလှည့်ကျရင်ခေါ်ပါမယ်တဲ့။ တသက်နဲ့တကိုယ် နေမကောင်းဖြစ်ရင် သူနာပြုနဲ့ ပြရတာမျိုး မကြုံဖူးခဲ့တဲ့ ကျွန်မဟာ အတော်ကို ဘဝင်မကျဖြစ်သွားပြီး ကျွန်မကဖျားနေတာလေ ဆရာဝန်နဲ့ပြရမှာလေ ဘာကြောင့်ဆရာဝန်နဲ့ တွေ့ခွင့်မရတာလည်းလို့ ရစ်တော့ လိုအပ်ရင် သူနာပြုက ဆရာဝန်နဲ့ဆက်ပြဖို. စီစဉ်ပေးပါလိမ့်မယ်တဲ့။ အခုတော့ သူနာပြုနဲ့ပဲတွေ့ရမှာတဲ့။ ဒီလိုနဲ့ပဲ မတတ်သာလို. မကျေမနပ်ထိုင်စောင့်နေတဲ့ ကျွန်မကို နောက် ၁၅ မိနစ်လောက်အကြာ မှာတော့ “မစ္စနီ” “မစ္စနီ” ဆိုပြီး သူနာပြုဆရာမကြီးတစ်ယောက် လာခေါ်ပါတယ်။ နားကျပ်ကြီးနဲ့ ကျောထောက် ရင်ထောက်၊ အပူတိုင်း၊ ပါးစပ်ဖြဲ မေးမြန်းစမ်းသပ်စစ်ဆေးအပြီးမှာတော့ အရည်များများသောက်ဖို.၊ ဘယ်မှမသွားပဲ အိမ်မှာပဲနွေးနွေးထွေးထွေးနေဖို.၊ ကောင်းကောင်းအနားယူဖို့နဲ့ ပါရာစီတမော့ ၅၀၀ မီလီဂရမ် ၂ လုံးစီ တစ်နေ့ ၄ ကြိမ် သောက်ဖို. ညွှန်ကြားပြီးသကာလ ပြန်လွှတ်လိုက်ပါတယ်။ ပါရာစီတမော့က ဆရာဝန်ဆေးစာမလိုတာမို. ဘယ်မှာဝယ် ဝယ်ရတဲ့ အကြောင်းလည်း ပြောလိုက်ပါသေးတယ်။ အဲဒီနေ့ဟာ သောကြာနေ့ ဖြစ်နေတာကြောင့် စနေတနင်္ဂနွေမှာ ကျွန်မအခြေအနေပိုဆိုးလာရင် ဘယ်လိုလုပ်ရမလဲလို. (စနေတနင်္ဂနွေမှာ တက္ကသိုလ်ဆေးခန်းပိတ်ပါတယ်) ဘဝင်မကျစွာ နဲ့ မေးတော့ ကျွန်မကို ဖုန်းနံပတ်တစ်ခုပေးလိုက်ပါတယ်။

ကျွန်မလည်း စိတ်လေလေနဲ့ ကြက်တစ်ကောင်၊ ပန်းသီးဖျော်ရည်နှစ်ဘူးနဲ့ ပါရာစီတမော့ ၄ ကပ်ပါ ဘူးလေးတစ်ဘူးကို အိမ်နားက အက်စ်စဒါ စူပါစတိုးဆိုင်ကြီးထဲဝင်ဝယ်ပြီး ပြန်လာခဲ့ပါတယ်။ အိမ်ရောက်တော့ ကြက်ကိုအကောင်လိုက် အိုးကြီးတစ်လုံးထဲထည့်ပြုတ်လိုက်ပြီး( ဒီမှာ ကြက်ဈေးအလွန်တန်ပါတယ်။ ကြက်အကောင်ကြီးတစ်ကောင်လုံးရဲ့ဈေးဟာ လူတစ်ယောက် အနိမ့်ဆုံးတစ်နာရီလုပ်ခထက် ပိုနည်းပါတယ်)၊ ထမင်းပျော့ပျော့နဲ့ ရေအေးစာ ကြက်ပြုတ်ရည်သောက် လိုက်၊ ပန်းသီးဖျော်ရည်သောက်လိုက်၊ ပါရာစီတစ်မော့သောက်လိုက်၊ အိပ်ရာထဲမလှဲချင်တဲ့အချိန်ဆို ကွန်ပျူတာပေါ်ပေါ် တင်၊ ကျောင်းကသူငယ်ချင်းတွေကိုပြဖို. ယူကျူ (You tube) ထဲဝင်မွှေပြီး ဂိုးဒန်းလဲန်းမြန်မာ ဗျူးတီးဖူးမြန်မာ၊ ဝဲလ်ကမ်း တူးမြန်မာတွေ ဒေါင်းလုပ် (Download) ချလိုက်နဲ့ သူနာပြုဆရာမကြီးရဲ့ ညွှန်ကြားချက်အတိုင်း လိုက်နာပစ်လိုက်ပါတယ်။ နေမကောင်းတဲ့အချိန် မိသားစုနဲ့ ဝေးရာမှာ တစ်ယောက်တည်းဖြစ်နေတာမို. စိတ်မလုံခြုံတဲ့ ကျွန်မဟာ နောက်တနေ့ စနေနေ့မှာ သူနာပြုဆရာမကြီးပေးလိုက်တဲ့ ဖုန်းနံပတ်ကို ခေါ်လိုက်ပါတယ်။ ကျွန်မနေမကောင်းဖြစ်နေတာကို တစ်

ယောက်ယောက်သိအောင် အရေးပေါ်အကူအညီလိုရင်တောင်းရအောင်လို့ပါ။ တဖက်ကဖြေကြားသူဟာ ကျွန်မအခြေအနေတွေကို အသေးစိတ်ပြန်လည်မေးမြန်းအပြီးမှာ သူနာပြုဆရာမကြီးပြောတဲ့ ညွှန်ကြားချက်တွေအတိုင်းပဲ ပြန်ညွှန်ကြားပြီး လိုအပ်ရင် အချိန်မရွေးဒီဖုန်းကိုပဲခေါ်ဖို့ ပြောပါတယ်။ အထူးညွှန်ကြားချက်ကတော့ နေမကောင်းမချင်း အပြင်မထွက်ဖို့ပါပဲ။ အအေးမိတုပ်ကွေးမို့ သူတပါးဆီ မကူးစေဖို့အတွက်ပါ။ ကျွန်မဆီကို ၆ နာရီခြားတစ်ကြိမ်လောက်လည်း ဖုန်းဆက်သတင်းမေးပါတယ်။ ဒီလိုနဲ့ ကျွန်မဟာ စိတ်လုံခြုံမှုရပြီး ကောင်းကောင်းစား ကောင်းကောင်းအနားယူ၊ ပါရာစီတမော့နဲ့ သူငယ်ချင်းလုပ်ရင်း မြန်မြန်ပဲပြန်လည်နေကောင်းလာခဲ့ပါတယ်။

ဒီလိုနဲ့ နောင် ၂ နှစ်အကြာ ဆောင်းဦးရာသီတစ်ရက်မှာ ကျွန်မဆီကို ကျွန်မညီမလေးဟာ ဒေါသတကြီးဖုန်းဆက် လာပါတယ်။ ကျောင်းပြီးသွားလို့ အဲဒီအချိန်မှာ ကျွန်မဟာ ပို.စမောက်မှာရှိမနေတော့ပါဘူး။ သူကတော့ အဲဒီနှစ်မှာမှ ပို.စမောက်တက္ကသိုလ်မှာတက်ဖို့ ရောက်လာသူပါ။ ကျွန်မကြုံရသလိုပဲ အင်္ဂလန်ရဲ့ ဆောင်းဦးအအေးဒဏ်မိပြီး နေမကောင်းဖြစ်တော့ ကျွန်မသွားခဲ့သလို တက္ကသိုလ်ဆေးခန်းသွားပြ၊ ကျွန်မပြခဲ့ရသလို သူနာပြုနဲ့ပဲပြပြီး ပြန်လာရလို့ မကျေမနပ်တွေဖြစ်ပြီး ကျွန်မဆီဖုန်းလှမ်းဆက်တိုင်တာပါ။ အဲဒီအချိန်မှာ အင်္ဂလန်ရဲ့ ကျန်းမာရေးစနစ်ကို အတော်အသင့် နားလည်နေပြီဖြစ်တဲ့ ကျွန်မဟာ သူ့ကိုနားလည်အောင်ပြောပြနိုင်ခဲ့သလို လက်ရှိနေမကောင်းဖြစ်နေတဲ့ အခြေအနေအတွက် သူနာပြုဆရာမကြီး ရိုက်ခဲ့တဲ့ လက်ချာကိုပဲ သူ့ကိုပြန်ရိုက်ပြီး အအေးမိတုပ်ကွေးဖြစ်တာမို့ ကောင်းကောင်းစား၊ ကောင်းကောင်းအနားယူခြင်းသာလျှင် အကောင်းဆုံးဆေးဖြစ်တဲ့အကြောင်း ဆရာဝန်မတွေ့ရ ဆေးမထိုးရလို့ ရွှေစိတ်တော်အလိုမကျဖြစ်နေတဲ့ ညီမတော်ကို ဘဝင်ကျအောင်လည်း ရှင်းပြလိုက်ရပါတယ်။

လွန်ခဲ့တဲ့ ၈ နှစ် ဒီကိုရောက်စမှာကတည်းက အင်္ဂလန်ရဲ့ ကျန်းမာရေးစနစ်ကို သူနာပြုဆရာမနဲ့ မိတ်ဆက်ခံလိုက်ရတဲ့ ကျွန်မဟာ တဖြည်းဖြည်းနဲ့ သူတို.ရဲ့ ကျန်းမာရေးစနစ်မှာ သူနာပြုတွေရဲ့ ကြီးမားတဲ့ အခန်းကဏ္ဍကို သတိပြုမိလာခဲ့ပါတယ်။ သက်ဆိုင်ရာဆေးပညာနယ်ပယ်အလိုက် အထူးပြုသူနာပြုတွေဟာ အင်္ဂလန်နိုင်ငံ ကျန်းမာရေးအဆောက်အဦးကြီးရဲ့ အခြေခံအုတ်မြစ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်နေတာကို တွေ့လိုက်ရပါတယ်။ သူနာပြုအလုပ်တွေထဲမှာ ရာထူးအနိမ့်ဆုံးဖြစ်တဲ့ ကျောင်းဆင်းပြီးစ သူနာပြုဘွဲ့ရ လက်မှတ်ရသူနာပြု (registered nurse) တစ်ယောက်ရဲ့ လစာဟာ စီးပွားရေးကုမ္ပဏီကြီးတွေက အလယ်အလတ်စီမံခန့်ခွဲမှုအဆင့်ရှိ မန်နေဂျာတစ်ယောက်ရဲ့ လစာထက်ပိုများပါတယ်။ ဘာကြောင့်များ ဒီနိုင်ငံမှာ သူနာပြုတွေရဲ့ အခန်းကဏ္ဍဟာမြင့်မားနေသလဲ၊ ဆရာဝန်ရဲ့ ညွှန်ကြားစီမံမှုအောက်မှာ လူနာကိုပြုစုစောင့်ရှောက်တယ်ဆိုတဲ့ အဆင့်ထက်ကျော်လွန်ပြီး သူတို.အတွက်သတ်မှတ်ထားတဲ့ အဆင့်တစ်ခုမှာ ပြည်သူကို ကုသစောင့်ရှောက်မှုပြုနိုင်တဲ့၊ ပြည်သူလူထုကလည်း ယုံကြည်ကိုးစားခြင်းခံရတဲ့ အနေအထားမှာရှိနေသလဲ၊ ဘာကြောင့်များ မန်နေဂျာတစ်ယောက်ရဲ့ လစာထက် သူတို.လစာက များနေရသလဲဆိုတဲ့အဖြေကို ကျွန်မဟာ ကျန်းမာရေးစီမံခန့်ခွဲမှုစနစ်တွေနဲ့ ထိတွေ့ခွင့်ရတဲ့အခါကျမှ ကောင်းကောင်းနားလည်ခဲ့ပါတယ်။ သူတို.တွေရဲ့ အရည်အချင်း၊ ကျွမ်းကျင်မှု၊ ယုံကြည်စိတ်ချနိုင်မှု ဆိုတာတွေကို စနစ်ကောင်းတစ်ရပ်နဲ့ ထိမ်းသိမ်းထားတာကို မြင်တွေ့လိုက်ရပါတယ်။

အင်္ဂလန်မှာ သူနာပြုတစ်ယောက်ဖြစ်ဖို့ ပထမအဆင့်အနေနဲ့ တက္ကသိုလ်မှာတက်ပြီး သူနာပြုဘွဲ့ယူရပါတယ်။ ဆရာဝန်တွေ ဟောက်စ်ဆင်းသလို သူတို.လည်း သူနာပြုဟောက်စ်ဆင်း၊ လက်တွေ့အောင်မြင်မှ သူနာပြုဘွဲ့ရပါတယ်။ စာတွေ့မှာ အကုန်အောင်မြင်ပါလျက် လက်တွေ့ကျမှ မအောင်လို့ သူနာပြုဘွဲ့ မရတာမျိုးလည်းရှိပါတယ်။ ဘွဲ့ရပြီးရင် သူနာပြုအလုပ်ကိုလုပ်နိုင်ဖို့ NMC (Nursing and Midwifery Council) လို.ခေါ်တဲ့ အင်္ဂလန်ရဲ့ နိုင်ငံတော်အဆင့် သူနာပြုနှင့်မီးယပ်သားဖွားကောင်စီမှာ မှတ်ပုံတင်ရပါတယ်။ မှတ်ပုံတင်ပြီးရင်လည်း သင်သည် ယနေ့မှစ၍ သူနာပြုတစ်ယောက်ဖြစ်သွားပြီ။ ဘဝတသက်တာ သူနာပြုအလုပ်ကို လုပ်ကိုင်နိုင်ပေပြီ အပ်ချလောင်းဆိုပြီး လုပ်ခွင့်မပေးပါဘူး။ အင်္ဂလန်မှာ သူနာပြုတစ်ယောက်အဖြစ် အသက်မွေးဖို့.ကိစ္စဟာ တကယ်တော့ သိပ်မချောင်လှပါဘူး။ ဘယ်လို မချောင်တာလည်းဆိုတာလေးကို ပြောပြချင်ပါတယ်။

ဘွဲ့ရသူနာပြုတစ်ယောက်ဟာ သူနာပြုအဖြစ်အသက်မွေးနိုင်ဖို့ သူနာပြုနှင့် မီးယပ်သားဖွားကောင်စီ မှာ ၃ နှစ်တစ်ကြိမ် သက်တမ်းတိုးရပါတယ်။ ဒါကို Nurse Revalidation လို့ခေါ်ပါတယ်။ ဒီလိုသက်တမ်းတိုးရာမှာလည်း မြန်မာပြည်မှာ ဧည့်လမ်းညွှန်တွေ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်ကို သက်တမ်းတိုးသလို လုပ်ငန်းလိုင်စင်သက်တမ်းကုန်တဲ့အချိန် လိုင်စင်ကြေးသွင်းပြီး သက်တမ်းထပ်ဆက်ရတာမျိုး မဟုတ်ပါဘူး။ ဘာနဲ့တူသလဲဆိုတော့ ကားတွေလိုင်စင်ဝင်ရတာနဲ့ တူပါတယ်။ အများပြည်သူသုံးလမ်းပေါ်တွင် အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်မှုရှိမရှိ ယာဉ်ကြံ့ခိုင်မှုကို ကညနမှာ အစစ်ဆေးခံပြီး အောင်မြင်မှ လိုင်စင်ထပ်တိုးခွင့်ရတာမျိုးပါ။ အင်္ဂလန်က သူနာပြုတွေခမျာလည်း ပြည်သူကို အန္တရာယ်ကင်းစွာ ကျွမ်းကျင်စွာ ကုသစောင့်ရှောက်နိုင်ဖို့ သူနာပြုတစ်ယောက်ရဲ့ ကျင့်ဝတ်တွေကို မမေ့မလျော့မပေါ့မဆပဲ ပညာ၊ အရည်အချင်းတွေ စဉ်ဆက်မပြတ်တိုးတက်နေရမယ်ဆိုတဲ့ စံသတ်မှတ်ချက်ကို ပြည့်စုံအဆင့်မီပါကြောင်း နိုင်ငံတော်သူနာပြုနှင့် မီးယပ်သားဖွားကောင်စီမှာ ၃ နှစ်တစ်ကြိမ် သက်သေပြ တင်ပြလျှောက်ထားပြီး သူနာပြုအသက်ကို ဆက်ရပါတယ်။

သူနာပြုသက်တမ်းတိုးမှုကို အောင်မြင်စွာလုပ်နိုင်ဖို့ အခြေခံလိုအပ်ချက် ၈ ခုရှိပါတယ်။ ပထမဆုံးလိုအပ်ချက်က ၃ နှစ်အတွင်းမှာ သူနာပြုအဖြစ်အလုပ်လုပ်ချိန် အနည်းဆုံး သတ်မှတ်ထားတဲ့ နာရီကို အလုပ်လုပ်ပြီး ဖြစ်ရပါမယ်။ ဒီလို အနည်းဆုံးသတ်မှတ်ထားတဲ့ အလုပ်ချိန်မှ မလုပ်ဖြစ်ခဲ့ဘူးဆိုရင် ရှေ့ဆက်ပြီး သူနာပြုအဖြစ် ပြည်သူကို စောင့်ရှောက်ဖို့ အဆင့်မမီဘူးဆိုတဲ့ သဘောပါ။ ဒုတိယလိုအပ်ချက်က မိမိလုပ်ငန်းနဲ့ သက်ဆိုင်တဲ့ပညာရပ်တွေကို အမြဲလေ့လာဆည်းပူးနေရပါမယ်တဲ့။ အဲဒီအတွက်လည်း အနည်းဆုံးဆည်းပူးချိန်နာရီကို သတ်မှတ်ထားပါတယ်။ မိမိအလုပ်လုပ်ရာ ပညာရပ်နယ်ပယ်နဲ့ သက်ဆိုင်တဲ့ နောက်ဆုံးပေါ်သတင်းအချက်အလက်တွေ၊ ပညာရပ်တွေ၊ သုတေသနတွေ့ရှိချက်တွေကို အမြဲတစေလေ့လာသင်ယူနေရမယ်ဆိုတဲ့သဘောပါ။ ဒါကြောင့်မို့ သူနာပြုတွေမှာ Study Day ဆိုပြီး လစာအပြည့်ပေးထားတဲ့ စာဖတ်ရတဲ့ နေ့ရက်တွေရှိပါတယ်။ အဲဒီနေ့တွေမှာ အလုပ်ကိုလာစရာမလိုပဲ ကိုယ်နှင့်သက်ဆိုင်ရာ ပညာရပ်နဲ့ ပတ်သက်တာတွေကို ကိုယ့်အိမ်မှာဖြစ်ဖြစ် စာကြည့်တိုက်တွေ၊ တက္ကသိုလ်တွေသွားပြီးဖြစ်ဖြစ် လေ့လာရပါတယ်။ သက်ဆိုင်တဲ့ ပညာရပ်နဲ့ ပတ်သက်တဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ၊ စင်မီနာတွေ၊ ကွန်ဖရင့်တွေလည်း တက်ရပါသေးတယ်။ ဒေသဆိုင်ရာ အမျိုးသားကျန်းမာရေးဌာနကြီးတွေဟာ သူနာပြုတွေရဲ့ စာကြည့်ချိန်တွေကို သူနာပြုနှင့် မီးယပ်သားဖွားကောင်စီက သတ်မှတ်ထားတဲ့ အနည်းဆုံးနာရီထက် ပိုပေးထားလေ့ရှိပါတယ်။

တတိယလိုအပ်ချက်က မိမိပြုစုကုသစောင့်ရှောက်ပေးခဲ့တဲ့ ပြည်သူတွေဆီက ကိုယ့်ကို ပေးတဲ့ မှတ်ချက် အနည်းဆုံး ၅ ခုကိုတင်ပြနိုင်ရပါမယ်တဲ့။ သဘောက ကိုယ့်ရဲ့ ကုသစောင့်ရှောက်မှုကို ပြည်သူတွေက ဘယ်လို အမှတ်တွေပေးထားသလဲ၊ ဘယ်လိုဝေဖန်ထားသလဲဆိုတာ ကိုယ်တိုင်သိနေရမယ်ဆိုပါတော့။ ဒေသဆိုင်ရာအမျိုးသားကျန်းမာရေးဌာနကြီးတွေမှာ မိမိလက်အောက်က ဌာနတိုင်း၊ ဆေးရုံဆေးခန်းတိုင်းရဲ့ ဝန်ဆောင်မှုတွေနဲ့ပတ်သက်ပြီး ပြည်သူတွေဆီက ဝေဖန်အကြံပြုမှုတွေကို အမြဲတမ်းတောင်းခံလေ့လာဆန်းစစ်ပြုပြင်တဲ့ စနစ်ရှိနေတာမို့ သူနာပြုတွေအတွက် အမည်ဖော်ပြစရာမလိုတဲ့ ပြည်သူတွေဆီက ကိုယ်နဲ့ပတ်သက်ပြီး မှတ်ချက် ၅ ခုလောက်ရဖို့ဟာ ခက်ခဲတဲ့ကိစ္စတော့မဟုတ်ပါဘူး။

စတုတ္ထလိုအပ်ချက်က မိမိရဲ့ လုပ်ငန်းအတွေ့အကြုံတွေကတဆင့် မိမိဟာ ဘယ်လို သင်ယူခဲ့ရတယ်၊ ဘယ်လို အားနည်းချက်တွေရှိခဲ့ပြီး အဲဒါတွေကို ဘယ်လိုပြင်ဆင်ခဲ့တယ်၊ ဘယ်လို တိုးတက်လာခဲ့တယ် စသဖြင့် ကိုယ်အရည်အချင်း ပညာကို ပြန်လည်ဆန်းစစ် ရေးသားထားတဲ့ စာပုဒ် ၅ ပုဒ်ရေးသားတင်ပြနိုင်ရပါမယ်တဲ့။ အင်္ဂလန်ကသူနာပြုဘဝ မချောင်တာမ တော်တော်မချောင်တာမဟုတ်ဘူး။ မိမိကိုယ်ကိုလည်း အနုလုံပဋိလုံ ပြန်သုံးသပ်တတ်ရအုံးမယ်။ ပလန်နင်းတွေလည်း လုပ်တတ်ရအုံးမယ်၊ ပလော်ဘလန်ဆော့ဗင်းလည်း ရရမယ်။စာစီစာကုံးလည်း ရေးတတ်ရအုံးမယ်ဆိုပါတော့။

ပဉ္စမလိုအပ်ချက်က ကိုယ့်ရဲ့ အတွေ့အကြုံတွေကို တခြားသူနာပြုတစ်ယောက်နဲ့ ဆွေးနွေးဖလှယ်တဲ့ အလုပ်ကို လုပ်ထားကြောင်း ကိုယ်ဆွေးနွေးဖလှယ်ထားတဲ့ သူနာပြုရဲ့ မှတ်ပုံတင်အမှတ်နဲ့တကွ အထောက်အထားပြတင်ပြနိုင်ရပါမယ်တဲ့။ သဘောက အခြားသူနာပြုတွေဆီကလည်း လေ့လာသင်ယူရမယ်။ မိမိအတွေ့အကြုံကိုလည်း မျှဝေရမယ်ပေါ့။ ကျန်တဲ့အချက်တွေကတော့ ကျန်းမာရေးကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်းနှင့် အာမခံထားရှိကြောင်းတွေပါ။

အာမခံက မိမိရဲ့ ဝန်ဆောင်မှု အားနည်းချွတ်ချော်မှုကြောင့် လူနာဘက်မှ တရားစွဲဆိုလျော်ကြေးတောင်းခံလာခဲ့ရင် ပေးရမယ့်လျော်ကြေးအတွက် ထားရတဲ့အာမခံပါ။ ဒီအာမခံကိုတော့ ကိုယ်အလုပ်လုပ်ရာ ဌာနက လုပ်ပေးထားတတ်ပါတယ်။

အင်္ဂလန်မှာ သူနာပြုလုပ်ရတာ ဒီလို မချောင်ဘူးဆိုတော့ ဆရာဝန်တွေရောလို့ မေးစရာရှိပါတယ်။ ဆရာဝန်တွေကတော့ ပိုကျပ်တာပေါ့လေ။ ဆရာဝန်တွေဟာ မိမိရဲ့ အရည်အချင်းအကဲဖြတ်သုံးသပ်လွှာကို နှစ်စဉ်တင်သွင်းနေရပြီး ဆရာဝန်အသက်ဆက်နိုင်ဖို့အတွက် GMC လို့ခေါ်တဲ့ General Medical Council အထွေထွေဆေးကောင်စီမှာ ဆရာဝန်လိုင်စင်သက်တမ်းတိုးရာမှာ သူနာပြုတွေရဲ့ မချောင်တဲ့ အချက်တွေအားလုံးအပြင် မနေ့ကဒေါက်တာနဲ့ ယနေ့ဒေါက်တာ ဘာတွေကွာခြားတိုးတက်လာကြောင်း၊ ဆေးကုသမှုစနစ်တိုးတက်အောင် မိမိဒေါက်တာ ဘာတွေလုပ်ဆောင်ခဲ့ကြောင်း၊ မိမိဒေါက်တာ ကုသမှုချွတ်ချော်အားနည်းခဲ့လို့ အတိုင်ခံရတဲ့ကိစ္စ၊ ကုသမှုလွှတ်တော်အားကောင်းခဲ့လို့ ချီးကျူးခံရတဲ့ကိစ္စတွေကို ဘယ်လို ဆန်းစစ်သုံးသပ်မိကြောင်းဆိုတဲ့ အချက်တွေပါ တင်ပြရပါသေးတယ်။

ဒေသဆိုင်ရာအမျိုးသားကျန်းမာရေးဌာနကြီးတွေဟာ ကိုယ့်ဌာနမှာလုပ်တဲ့ ဆရာဝန်၊သူနာပြုတွေ သက်တမ်းတိုး နောက်ကျတာ ပျက်ကွက်တာတွေမဖြစ်အောင် လိုအပ်တဲ့ အထောက်အပံ့အစီအမံများပြုသလို သက်တမ်းတိုးပျက်ကွက်ရင် အလုပ်ဖြုတ်ပစ်တာမျိုး၊ သက်တမ်းကျော်တဲ့ ရက်ကစပြီး လစာနန်းကို လျှော့ချပစ်ပြီး သက်တမ်းအောင်မြင်စွာပြန်တိုးပြီးချိန်မှ သူ့ရဲ့ လက်ရှိလစာနန်းအတိုင်းပြန်ပေးတဲ့ စနစ်မျိုးကို ဌာနမူဝါဒအလိုက် ချမှတ်ကျင့်သုံးတာကိုလည်း တွေ့ရပါတယ်။ သဘောကတော့ နိုင်ငံတော်အဆင့် ချမှတ်ထားတဲ့ အချက်တွေကို အမြဲတစေဖြည့်ဆည်းပြီး အောင်မြင်စွာ သက်တမ်းတိုးနိုင်မှ လက်ရှိလစာနန်းနှင့် ထိုက်တန်တဲ့ အရည်အချင်းပြည့်မီတယ်။ ပြည်သူကို ဘေးကင်းစွာ စောင့်ရှောက်ဖို့ ထိုက်တန်တယ်လို့ သတ်မှတ်ပြီး အလုပ်လုပ်ခွင့်ပြုတယ်လို့ ဆိုနိုင်ပါတယ်။ တကယ်တော့ ဒီလို ကျန်းမာရေးဝန်ထမ်းတွေရဲ့ အရည်အချင်းတွေကို စဉ်ဆက်မပြတ်တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ထားတာဟာ Quality Care လို့ခေါ်တဲ့ အဆင့်မီကျန်းမာရေးစောင့်ရှောက်မှုဟူသည် မသေသင့်ပဲ သေဆုံးရတဲ့ လူနာလုံးဝမရှိရ၊ ကုသမှုကြောင့်ဖြစ်ပေါ်လာတဲ့ အထိအခိုက်လုံးဝမရှိစေရ ဆိုတဲ့ စံသတ်မှတ်ချက်ထားရှိတဲ့ အင်္ဂလန်မှာ ပြည်သူကို အဲဒီလို ကွာလတီစောင့်ရှောက်မှုမျိုးကို ပေးအပ်နိုင်ဖို့ အသုံးပြုတဲ့ စီမံခန့်ခွဲမှု စနစ်တွေထဲက အစိတ်အပိုင်းငယ်တစ်ရပ်သာဖြစ်ပါတယ်။

ဒီအကြောင်းတွေကိုကြားရတော့ 'သူများနိုင်ငံတွေများကောင်းလိုက်တာ၊ တို့နိုင်ငံမှာကျတော့'လို့ အားမငယ်စေချင်ပါဘူး။ ကျွန်မတို့မြန်မာနိုင်ငံမှာလည်း မြန်မာနိုင်ငံသူနာပြုနှင့် မီးယပ်သားဖွားကောင်စီတွေ မြန်မာနိုင်ငံဆေးကောင်စီတွေ ရှိပါတယ်။ မြန်မာနိုင်ငံသူနာပြုနှင့်မီးယပ်သားဖွားကောင်စီဆို မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင် ၁၉၂၂ ကတည်းက ရှိနေခဲ့တာပါ။ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကြီးကို အဆင့်မီစနစ်ဖြစ်အောင်ပြုပြင်ပြောင်းလဲဖို့လုပ်မယ်ဆိုရင် ကျန်းမာရေးဝန်ထမ်းတွေရဲ့ အရည်အသွေးကို စဉ်ဆက်မပြတ်တိုးတက်အောင်လုပ်ဖို့ ဒီအဖွဲ့အစည်းတွေက တာဝန်ယူနိုင်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်။

အလုပ်ကပြန်လာတဲ့ ကျွန်မဟာ အတွေးတွေတပွေ့တပိုက်ကြီးနဲ့ လမ်းလျှောက်လာရင်း လူသွားလမ်းကျဉ်းကျဉ်းလေးပေါ်မှာ ယူးဘယ်ရီသီးနီနီလေးတွေတက်နင်းမိတော့မှ အိမ်နားရောက်နေပြီဆိုတာကို သတိထားလိုက်မိပါတယ်။ အိမ်ရှေ့မှာ စီတန်းရှိနေတဲ့ သစ်ကြားပင်ပျိုလေးတွေနားရောက်တော့ ခေတ္တရပ်လိုက်မိပါတယ်။ ဆောင်းတွင်းကို အရိုးပျိုင်းပျိုင်းနဲ့ အံတုတော့မယ့် ဒီအပင်လေးတွေဟာ အခုတော့ ဝါဖျော့ဖျော့အရွက်တွေနဲ့ လှနေဆဲပါလေ။ မကြာခင် ပြင်းထန်ဆိုးရွားတဲ့ အအေးဒဏ်ကို သစ်ပင်တွေလိုပဲ ကြံ့ကြံ့ခံအံတုရတော့မှာပါလားလို့တွေးလိုက်မိတဲ့ အချိန်မှာ မိုးလေကင်းလွတ် သတင်းကျွတ်ရာသီကို ရောက်နေပြီဖြစ်တဲ့ ချစ်သောအမိမြေရဲ့ ကောက်ရိတ်သိမ်းချိန်ကျေးလက်ရှုခင်းအလှကို မြင်ယောင်မှန်းဆလွမ်းနေမိပါတော့တယ်။

Ref: www.nmc.org.uk, www.gmc-uk.org

စာဖတ်သူများကိုလေးစားလျက်

မြသဉ္ဇာလီနွယ်